မည်သည့် မွတ်စ်လင်မ်မဆို ၎င်းထံ ဖရ်ဿွ်

ဆွလာသ်ဝတ်ပြုချိန် ကျရောက်လာသည့်အခါ ၎င်းအနေဖြင့်ထိုဆွလာသ်အတွက် ဝူဿွူရေသန့်စင်ခြင်း၊ (ဆွလာသ်အတွင်း) ခူရှူအ် ကျိုးနွံခြင်းနှင့် ရူကူအ်

ဦးညွှတ်ခြင်းတို့ကို ကောင်းမွန်

ကျနစွာပြုလုပ်မည်ဆိုလျှင် အပြစ်အကုသိုလ်ကြီးများကိုမကျူးလွန်သရွေ့ ထိုဆွလာသ်သည် ယင်းမတိုင်မီက

ပြုလုပ်ခဲ့သော အပြစ်များကို ပလပ်စေမည့်

ကဖ္ဖာရဟ်ပင်ဖြစ်သည်။ ထို့ပြင် ယင်းအကျိုးကျေးဇူးသည်အမြဲပင်ဖြစ်၏။

အွတ်စ်မားန် (ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ ကျွန်ုပ်သည် တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်ကို ကြားသိခဲ့ရသည်။ "မည်သည့်မွတ်စ်လင်မ်မဆို ၎င်းထံ ဖရ်ဿွ် ဆွလာသ်ဝတ်ပြုချိန် ကျရောက်လာသည့်အခါ ၎င်းအနေဖြင့်ထိုဆွလာသ်အတွက် ဝူဿွူရေသန့်စင်ခြင်း၊ (ဆွလာသ်အတွင်း) ခူရှူအ် ကျိုးနွံခြင်းနှင့်
ရူကူအ် ဦးညွှတ်ခြင်းတို့ကို ကောင်းမွန် ကျနစွာပြုလုပ်မည်ဆိုလျှင်
အပြစ်အကုသိုလ်ကြီးများကို မကျူးလွန်သရွေ့ ထိုဆွလာသ်သည် ယင်းမတိုင်မီက
ပြုလုပ်ခဲ့သော အပြစ်များကို ပလပ်စေမည့် ကဖ္ဖာရဟ်ပင်ဖြစ်သည်။ ထို့ပြင်
ယင်းအကျိုးကျေးဇူးသည် အမြဲပင်ဖြစ်၏။" [صحيح] [رواه مسلم]

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က ရှင်းလင်း မိန့်ကြားတော်မူခဲ့သည်မှာ- မည်သည့် မွတ်စ်လင်မ်မဆို ဖရ်ဿ်ွဆွလာသ်အချိန် ကျရောက်လာသည့်အခါ ဝူဿွူကိုကောင်းမွန်ပြည့်စုံစွာ ပြုလုပ်ပြီးနောက်၊ ကျိုးနွံနှိမ့်ချမှုအပြည့်ဖြင့်ဆွလာသ်ဝတ်ပြုမည်။ သူ၏စိတ်နှလုံးနှင့် ခန္ဓာကိုယ် အစိတ်အပိုင်းများအားလုံးကိုအလ္လာဟ်အရှင်မြတ်၏ဘက်သို့ အာရုံပြုထားပြီး သူ၏စိတ်နှလုံးထဲတွင် အလ္လာဟ်အရှင်မြတ်၏ကြီးကျယ်မြင့်မြတ်မှုကို စွဲမြဲစွာ ထားရှိကာ ရူကူအ်၊ စဂျ်ဒဟ်စသည့်ဆွလာသ်၏ကဏ္ဍများကို ပြည့်ပြည့်ဝဝ ဆောင်ရွက်မည်ဆိုလျှင် ယင်းဆွလာသ်သည် ယခင်ကကျူးလွန်မိခဲ့သော သေးငယ်သည့်အပြစ်များကို ပလပ်စေမည့် အရာဖြစ်လာမည်။ ဤသည်ကြီးလေးသောအပြစ်များကို မကျူးလွန်သ၍ ဖြစ်သည်။ ဤအကျိုးကျေးဇူးသည် အချိန်ကာလတိုင်း၌တည်ရှိပြီးနှင့် ဆွလာသ်တိုင်းအတွက် ဖြစ်သည်။

http://www.sunnah.global/hadeeth/my/show/6254